ရေကျော်အောက်ကျေးရွာ

ရေကျော်အောက်ကျေးရွာအုပ်စု၊ ငပုတောမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရေကျော်အောက်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ငပုတောမြို့နယ်၏

အကူအညီဖြင့်ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၂၄

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိုကောက်စကားလုံးများ | |
| | စကားချီး | ၁ |
| | ရေကျော်အောက်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ငပုတောမြို့နယ် | ၃ |
| | ရေကျော်အောက်ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ငပုတောမြို့နယ် | ၄ |
| | **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်** | |
| ၁ | နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၅ |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၆ |
| ၂ | ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ | ၆ |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား | ၆ |
| | (ခ) သဘာဝအရင်းအမြစ်များ | ၇ |
| ၃ | ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၇ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု | |
| | (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| | (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု | |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| | (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| | (ဇ) အခြေခံအဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| | (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |
| ၄ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ၁၀ |
| | (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ | |
| | (ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ | |
| ၅ | ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ | ၁၀ |
| ၆ | ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ | ၁၂ |
| ၇ | စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ | ၁၂ |
| | (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် | |
| | (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း | |

စဉ် အကြောင်းအရာ စာမျက်နှာ

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၈ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၁၆

၉ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၁၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

၁၀ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၁၉

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၁

**၁ လူမှုစီးပွားရေး အခြေအနေ**

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ဝမ်းစာဖူလုံမှု

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

**၂ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ဇယား | ၁၇ | သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ | |
| ဇယား | ၁၈ | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ | |
| ဇယား | ၁၉ | မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | |
| ဇယား | ၂၀ | မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ | |
| ဇယား | ၂၁ | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | |
| ဇယား | ၂၂ | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | |
| ဇယား | ၂၃ | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ | |
| ဇယား | ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ | |
| ဇယား | ၂၅ | ရွှေ့ပြောင်းသွားရခြင်း၏ အဓိကအကြောင်းရင်းများ | |
| ဇယား | ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | |
| ဇယား | ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | |
| ဇယား | ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | |
| ဇယား | ၂၉ | ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | |
| ဇယား | ၃၀ | မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း | |
| ဇယား | ၃၁ | ကျောင်းတက်နှုန်း | |
| ဇယား | ၃၂ | စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ | |
| ဇယား | ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | |
| ဇယား | ၃၄ | အဖြစ်များသောရောဂါများ | |
| ဇယား | ၃၅ | လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | |
| ဇယား | ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | |
| ဇယား | ၃၇ | သောက်သုံးရေရရှိမှု | |
| ဇယား | ၃၈ | အိမ်သာအမျိုးအစား | |
| ဇယား | ၃၉ | ကျား-မရေးရာ | |
| ဇယား | ၄၀ | ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ | |
| ဇယား | ၄၁ | ကျေးရွာ၏တံတားတည်ရှိမှု | |
| ဇယား | ၄၂ | ရေကြောင်းသယ်ယူပို့ဆောင်ရေး | |
| ဇယား | ၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များ | |
| ဇယား | ၄၄ | လျှပ်စစ်မီးရရှိမှုအခြေအနေ | |
| ဇယား | ၄၅ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ | |
| ဇယား | ၄၆ | ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | |
| ဇယား | ၄၇ | ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု | |
| ဇယား | ၄၈ | မှုခင်းဖြစ်ပွားမှုအခြေအနေ | |

စဉ် အကြောင်းအရာ စာမျက်နှာ
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အပဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)** ၆၉
**ကိုးကားစာရင်း** ၇၇

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄- ၂၀၂၅ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၈- ၂၀၂၉ ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဇူလိုင်လ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရေကျော်အောက်ကျေးရွာ
ငပုတောမြို့နယ်

# ရေကျော်အောက်ကျေးရွာအုပ်စု၊ ရေကျော်အောက်ကျေးရွာ သယံဇာတပြမြေပုံ



## ရေကျော်အောက်ကျေးရွာအုပ်စု၊ ရေကျော်အောက်ကျေးရွာ ရာသီခွင်ပြက္ခဒိန်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ရေကျော်အောက်ကျေးရွာသည် ဝေန်မြစ်ဘေးတွင်တည်ရှိပြီး ငပုတောမြို့၏ အနောက်တောင်ဘက်အရပ်တွင်တည်ရှိပါသည်။ ကျေးရွာသည် တစ်နှစ်ပတ်လုံးတွင် (၅)လခန့် မိုးရွာသွန်းပါသည်။ ဒေသ၏နှစ်စဉ်မိုးရေချိန်မှာ (၄၀) မှ (၈၀)လက်မကြား ရှိပါသည်။ ကျေးရွာသည် ငပုတောမြို့မှ ရေမိုင်(၃၄.၆၂) မိုင်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြေပြန့်ဒေသဖြစ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ရေကျော်အောက်ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြပါသည်။ ကျောက်နှင့်သဲ တွင်းထွက်သယံဇာတများ၊ သဘာဝအပင်မျိုးစိတ်များ ရရှိနိုင်မှုမရှိပါ။ လယ်လုပ်ငန်းများအတွက် နွားအသုံးပြုမှုရှိသောကြောင့် နွားစာအတွက် မြက်များကို လယ်တောများတွင် အလွယ်တကူရရှိနိုင်ပါသည်။

**၃။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ရေကျော်အောက်ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်းများရှိပါသည်။ အုပ်ချုပ်ရေးအဖွဲ့၊ ပညာရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ ဘာသာရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ပြည်သူ့စစ်နှင့်မီးသတ်အဖွဲ့၊ ကျေးရွာမီးလင်းရေးအဖွဲ့၊ စံပြကျေးရွာစီမံကိန်းကော်မတီဝင်များအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့များရှိပြီး လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေးကိစ္စရပ်များတွင် လူကြီး၊ လူငယ်၊ ကျား၊ မ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက် ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာတွင် နေထိုင်သူများသည် ဗမာလူမျိုးအများစုဖြစ်ကြပြီး ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းတို့လည်း ရှိပါသောကြောင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ သင့်တင့်ကောင်းမွန်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ရေကျော်အောက်ကျေးရွာတွင် စပါးအား အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပြီး စပါးစိုက် ဧက (၁၉၈၂)ဧကရှိပြီး (၁)ဧကပျမ်းမျှ ပေါ်ဆန်းစပါး(၄၀)တင်းမှ (၅၀)တင်း၊ မီးဒုံးစပါး(၅၀)တင်းမှ (၆၀)တင်း၊ GW-11 စပါး(၈၀)တင်းမှ (၁၀၀)တင်းထွက်ရှိကြောင်း၊ သီးနှံများဖြစ်ထွန်းမှုအကျိုးအမြတ်မှာလည်း သင့်တင့်ကောင်းမွန်ပါကြောင်း၊ စပါးကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါ သည်။

ရေကျော်အောက်ကျေးရွာ၏ သီးနှံအထွက်နှုန်းကောင်းစေရန်အတွက် အခွင့်အလမ်းကောင်းများမှာ လယ်အဓိကစိုက်ပျိုးသော ကျေးရွာဖြစ်သဖြင့် လယ်မြေကို ကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သော ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ အလွယ်တကူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုရေကို လမ်းဘေးဝဲယာရေမြောင်းမှရရှိနိုင်ခြင်း၊ လယ်မြေဆီလွှာ သင့်တင့်ကောင်းမွန်ခြင်းတို့ ဖြစ်ကြပါသည်။

ရေကျော်အောက်ကျေးရွာသည် သီးနှံထုတ်ကုန်များစိုက်ပျိုးထုတ်လုပ်ရာတွင် လက်တွန်းထွန်စက်များ၊ ထွန်စက်များ၊ ခြွေလှေ့စက်များအသုံးပြု၍ ထုတ်ကုန်များရရှိရန် အသုံးပြုကြပါသည်။ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုမှာလည်း စိုက်ပျိုးရေးအတွက်ရရှိပါသည်။ စိုက်ပျိုးရေး သီးနှံမျိုးစေ့များ ဝယ်ယူရရှိပါသည်။

ရေကျော်အောက်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ နွားမွေးမြူသော အိမ်ထောင်စု (၁၂)စု၊ အကောင်ရေ(၆၀)ကောင်၊ ဝက်မွေးမြူသော အိမ်ထောင်စု(၇၀)စု၊ အကောင်ရေ(၉၅)ကောင်၊ ကျွဲမွေးမြူသောအိမ်ထောင်စု(၁၁)စု၊ အကောင်ရေ (၈၅)ကောင်ရှိကြောင်းနှင့် မြင်း၊ မြည်း၊ လား၊ သိုး

မွေးမြူသော အိမ်ထောင်စုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် ကျွဲ၊ နွားများအား လယ်ယာလုပ်ငန်းများတွင်သာ အသုံးပြု၍ စီးပွားဖြစ်မွေးမြူကြခြင်းမဟုတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ရေကျော်အောက်ကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်သော အိမ်ထောင်စုများသည် နေ့စားကျပန်းအလုပ်လုပ်ကိုင်ကြခြင်း၊ အရောင်းအဝယ်လုပ်ငန်းများ၊ အစိုးရဝန်ထမ်းများ၊ ဒေသထွက်ကုန်များအား အခြားမြို့များသို့ ကယ်ရီပို့ဆောင်ခြင်းအလုပ်လုပ်ခြင်း၊ ရေလုပ်ငန်းလုပ်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ရေကျော်အောက်ကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များစီမံခန့်ခွဲမှု စနစ်၌ နေအိမ်များမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား တစ်ဦးချင်းတစ်ယောက်ချင်း စနစ်တကျ စွန့်ပစ်ကြခြင်းများပြုလုပ်ကြသော်လည်း ကျေးရွာအဆင့် သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှုအန္တရာယ်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန် သဘာဝမြေသြဇာသုံးစွဲမှုနည်းပါးပြီး အလွယ်တကူ အသုံးပြုနိုင်သော ပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ရေကျော်အောက်ကျေးရွာတွင် လယ်သမားအများစုမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အတိုးနှုန်းပြား၄၂ဖြင့် ချေးယူသုံးစွဲကြပါသည်။ ကျေးရွာနေပြည်သူများသည် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်သော မြစိမ်းရောင်ကျေးရွာစီမံကိန်းအား အသင်းသား(၂၈၁)ဦးတို့မှ အတိုးနှုန်း၁ကျပ်နှုန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများအတွက် ချေးယူကြကြောင်း တွေ့ရှိရပါသည်။ သမဝါယမအသင်းအဖွဲ့(၂)ဖွဲ့ ဖွဲ့စည်းထားရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ချေးယူကြကြောင်းနှင့် ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးတင်ရှိမှု အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ရေကျော်အောက်ကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ စမ်းကြီးဆည်မှ ရေအား ပိုက်လိုင်းများဖြင့် သွယ်ယူပြီး မိုးရေလှောင်ကန်(၆)ကန်မှတစ်ဆင့်လည်ကောင်း၊ ရေပိုက်လိုင်းမှ တိုက်ရိုက်ဖောက်ယူသုံးစွဲခြင်းဖြင့်လည်ကောင်း နွေ၊ မိုး၊ ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ရေကျော်အောက်ကျေးရွာရှိ အိမ်သာသုံးစွဲမှုမှာ ရေဆွဲအိမ်သာ(၁၇)လုံး၊ ရေလောင်း/ ယင်လုံအိမ်သာ(၃၁၃)လုံး သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲကြပြီး တွင်းမရှိအိမ်သာ(၆)လုံးတို့မှ မသန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ လူနေအိမ်များတွင် မီးဖိုသုံးအမှိုက်များကို စနစ်တကျထားခြင်း၊ ပလတ်စတစ်အိပ်များ စနစ်တကျစွန့်ပစ်ခြင်း၊ စိုက်ပျိုးရေးသုံးဆေးဝါးများ စနစ်တကျသုံးစွဲခြင်း၊ စိုက်ပျိုးရေးသုံး ဗူးခွံများအား လယ်/ကိုင်းထဲတွင် မြေမြုပ်ပြီး စနစ်တကျစွန့်ပစ်သည်မှာ အမှန်ပင်ဖြစ်သော်လည်း ဒီရေအတက်အကျအချိန်တွင် ချောင်းရေနှင့်အတူ မျောပါလာသော ပလတ်စတစ်အမှိုက်နှင့် အညစ်အကြေးများသည် ချောင်းဘေးတစ်လျှောက် အမြဲတစ်စေ တင်ကျန်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

ရေကျော်အောက်ကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင် တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတစ်ရွာလုံး ဗုဒ္ဓဘာသာဝင်များဖြစ်ကြသောကြောင့် ဘုရားပွဲများ၊ ရွာဘုံကထိန်ပွဲများအား နှစ်စဉ်ကျင်းပဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဇ) အခြေခံအဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ရေကျော်အောက်ကျေးရွာတွင် မြစ်မိးရောင်အတိုးရငွေ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းထောက်ပံ့ငွေနှင့် လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ငွေတို့ဖြင့် မြစ်ကမ်းထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိပြီး ရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ရေကျော်အောက်ကျေးရွာသည် လက်ရှိတွင် မဟာဓာတ်အားလိုင်းအသုံးပြုလျက်ရှိပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များရရှိရေးအတွက် ဖုန်း (၅၈၆)လုံး၊ တီဗွီ(၁၀၈)လုံး၊ ဂြိုလ်တုစလောင်း(၅၅)လုံး၊ ရေဒီယို(၂၁)လုံးရှိကြောင်း၊ MPT၊ Telenor၊ Mytel ဆက်သွယ်ရေးလိုင်းများဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ရေကျော်အောက်ကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် ရေမိုင်(၁၃)မိုင်ခန့်ကွာဝေးသော အနီးဆုံးဈေး ဟိုင်းကြီးကျွန်းမြို့ဈေးသို့ စက်လှေ၊ လှေများဖြင့် သွားလာကြပြီး စားသောက်ကုန်(ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာသည် ပစ္စည်းစုံဝန်ဆောင်မှုများအတွက် ရေမိုင်(၃၄.၆၂)မိုင် ကွာဝေးသော ငပုတောမြို့သို့ သင်္ဘော၊ စက်လှေတို့ဖြင့် သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ရေကျော်အောက်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်ပိုင်ဆိုင်မှုမှာ စက်ဘီး(၂၂)စီး၊ဆိုင်ကယ်(၆၃)စီး၊ ထော်လာဂျီ(၆)စီး၊ စက်လှေ(၄၆)စီး၊ တုတ်တုတ်(၃)စီးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ရေကျော်အောက်ကျေးရွာတွင်လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ရေကျော်အောက်ကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Mytelကဲ့သို့သော ဖုန်းလိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/သားများမှာ ဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၄။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ရေကျော်အောက်ကျေးရွာတွင် လျှပ်စစ်မီးရရှိပြီးဖြစ်၍ လူနေမှုအဆင့်အတန်း မြင့်မားပြီး ဘုန်းတော်ကြီးကျောင်း၊ ကျေးရွာစာသင်ကျောင်း၊ ရွာတွင်းကွန်ကရစ်လမ်းများရှိခြင်းကြောင့် အခြေခံ အဆောက်အဦသင့်တင့်ကောင်းမွန်မှုရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့၊ ဂေါပကအဖွဲ့၊ လူငယ်အဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တို့ရှိပြီး ကျေးရွာသူ/ သားများ အားလုံးနှင့် အသင်းအဖွဲ့များ ပေါင်းစပ်၍ ကျေးရွာတစ်ရွာလုံး စည်းစည်းလုံးလုံးဖြင့် သာရေး၊ နာရေး ကိစ္စအဝဝ ပူးပေါင်းဆောင်ရွက်သောကြောင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းပါကြောင်း တွေ့ရှိရပါသည်။ စိုက်ဘဏ်ချေးငွေအဖွဲ့ရှိသောကြောင့် လယ်လုပ်ငန်းများအတွက် ချေးငွေလက်လှမ်းမီပါ ကြောင်း တွေ့ရှိရပါသည်။

ရေကျော်အောက်ကျေးရွာရှိ လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီး များလည်း အမျိုးသားများနှင့်အတူ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ကြပါကြောင်း လေ့လာတွေ့ရှိရ ပါသည်။ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများအနေဖြင့် ရွာအနီးရှိ ကျုံကူးကျေးရွာတွင် တိုက်နယ်ဆေးရုံရှိပြီး လိုအပ်သောအခန်း၊ ကုတင်များလုံလောက်မှုရှိပြီး ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ရေကျော်အောက်ကျေးရွာဆိပ်ခံတံတားသည် ကျဉ်းပြီးပျက်စီးယိုယွင်းနေပါသဖြင့် ဆိပ်ခံ တံတားအား တိုးချဲ့မွမ်းမံပြုပြင်နိုင်ပါက ကျေးရွာသူ/ကျေးရွာသားများသည် သင်္ဘောပေါ်သို့ အတက်/ အဆင်း၊ ကုန်တင်/ ကုန်ချဆောင်ရွက်ရာတွင် အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၅။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့သည် ကျေးရွာရေရရှိရေးလုပ်ငန်းများအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၂) ကျွန်ုပ်တို့သည် ဘက်စုံသုံးခန်းမပြုပြင်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က.၃) ကျွန်ုပ်တို့သည် ITစင်တာအတွက် လိုအပ်သော စက်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၄) ကျွန်ုပ်တို့သည် ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၅) ကျွန်ုပ်တို့သည် ကျေးရွာရေရရှိရေးလုပ်ငန်းများအတွက် ဂါလန်(၂၂၅၀၀)ဆံ့ Ground Tank နှင့် ဂါလန်(၅၀၀၀)ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၆) ကျွန်ုပ်တို့သည် ရေကျော်အောက်- ရေတွင်းကုန်းကျေးရွာချင်းဆက်လမ်းခင်းခြင်းနှင့် တံတား(၂)စင်း တည်ဆောက်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(က.၇) ကျွန်ုပ်တို့သည် အမှိုက်မီးရှို့စင်ပြုလုပ်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၈) ကျွန်ုပ်တို့သည် ဘက်စုံသုံးခန်းမအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၉) ကျွန်ုပ်တို့သည် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၁၀) ကျွန်ုပ်တို့သည် စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၁၁) ကျွန်ုပ်တို့သည် ပိုက်ဆံလျှော်မျိုးစေ့နှင့် စပါးမျိုးကောင်းမျိုးသန့်များ ဈေးနှုန်းသက်သာစွာရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်သွားမည်။

(က.၁၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများအား ပို့ချပေးစေလိုခြင်း။

(က.၁၃) ကျွန်ုပ်တို့သည် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) လုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၁၄) ကျွန်ုပ်တို့သည် အသင်းအဖွဲ့များခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(က.၁၅) ကျွန်ုပ်တို့သည် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ ဟောပြောပွဲများ၊ အထောက်အပံ့များ ဆောင်ရွက်ပေးစေလိုခြင်း။

(က.၁၆) ကျွန်ုပ်တို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အပင်များစိုက်ပျိုးခြင်း၊ အမှိုက်ပုံးများဝယ်ယူခြင်း၊ ကျေးရွာစိမ်းလန်းစိုပြေလှပရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**၇။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)–ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အတိုင်းအတာ | ၂၀၂၄-<br>၂၀၂၅ | ၂၀၂၅-<br>၂၀၂၆ | ၂၀၂၆-<br>၂၀၂၇ | ၂၀၂၇-<br>၂၀၂၈ | ၂၀၂၈-<br>၂၀၂၉ |
|---|---|---|---|---|---|---|---|
| **၁** | **ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး** | | | | | | |
| ၁ | ရေပိုက်လိုင်းသွယ်တန်းခြင်း | ၃" Ø × ၁၂၈၀'၊<br>၂" Ø × ၁၉၀၀'၊<br>၁" Ø × ၄၀၀' | ✔ | | | | |
| ၂ | ဘက်စုံသုံးခန်းမပြုပြင်ခြင်း | ၃၃' × ၁၆' × ၈' | ✔ | | | | |
| ၃ | IT စင်တာအတွက်<br>ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း | Desktop<br>Wifi Router နှင့်<br>Internetတပ်ဆင်ခြင်း | ✔ | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ဆိပ်ခံတံတားတည်ဆောက်ခြင်း | ၂၀'x၁၂'x၉' | | ✔ | | | |
| ၅ | ဂါလန်(၂၂၅၀၀)ဆံ့ Ground Tank နှင့် ဂါလန်(၅၀၀၀)ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း | ၂၀'x၂၀'x၉'<br>၁၄'x၁၄'x၃၀'၊<br>၁၄'x၁၄'x၄'-၉" | | ✔ | | | |
| ၆ | ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်း | | | ✔ | | | |
| ၇ | ရေကျော်အောက်- ရေတွင်းကုန်းကျေးရွာချင်းဆက် လမ်းခင်းခြင်းနှင့် တံတား(၂) စင်းတည်ဆောက်ခြင်း | ၀/၆ မိုင် x၁၂' x ၇"၊<br>၃၀'၊ ၆၀' | | ✔ | | | |
| ၈ | အမှိုက်မီးရှို့စင်ပြုလုပ်ခြင်း | ၃" Ø × ၁၃' | | ✔ | | | |
| ၉ | ဘက်စုံသုံးခန်းမအဆင့်မြှင့်တင်ခြင်း | ၃၃' × ၁၆' × ၈' | | | ✔ | | |
| ၁၀ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁၀၀' × ၁၀' × ၆''၊<br>၂(၁၅၀' × ၅' × ၆'') | | | | ✔ | |
| ၁၁ | စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်း | | | | | | ✔ |
| **၂** | **သွင်းအားစုနှင့်ငွေကြေးဝန်ဆောင်မှုထောက်ပံ့ကူညီခြင်း** | | | | | | |
| ၁ | စပါးမျိုးကောင်းမျိုးသန့်များဈေးနှုန်းသက်သာစွာရရှိခြင်း | GW 11 (၂၀) တင်း | ✔ | ✔ | ✔ | ✔ | ✔ |
| ၂ | ပိုက်ဆံလျှော်မျိုးစေ့လိုအပ်ခြင်း | (၂)တင်း | ✔ | ✔ | ✔ | ✔ | ✔ |
| ၃ | ရိတ်သိမ်းခြွေလှေ့စက်၊ ကောက်စိုက်စက်၊ လယ်ထွန်စက်များ အရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိစေရန် ချိတ်ဆက်ပေးခြင်း | | | | ✔ | | |
| **၃** | **အသက်မွေးဝမ်းကျောင်းနှင့်ကျေးလက်စီးပွားမြင့်မားစေရေး** | | | | | | |
| ၁ | အခြေခံမွေးမြူရေးပညာပေးသင်တန်း | သင်တန်းကာလ<br>(၂)ရက်<br>သင်တန်းသား ၂၀ဦး | ✔ | | | | |
| ၂ | အခြေခံဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း | သင်တန်းကာလ<br>(၂၅)ရက်<br>သင်တန်းသား ၃၀ဦး | ✔ | | | | |
| ၃ | RBF စီမံကိန်း | အသင်းအဖွဲ့(၄)ဖွဲ့<br>အသင်းသားဦးရေ<br>(၄×၅=၂၀)ဦး | ✔ | ✔ | ✔ | ✔ | ✔ |
| ၄ | ရာသီပေါ်သီးနှံများစနစ်တကျစိုက်ပျိုးနည်းသင်တန်း | | | ✔ | | | |
| ၅ | ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးပညာပေးသင်တန်း | | | | ✔ | | |
| ၆ | တိရိစ္ဆာန်အစာပင်စိုက်ပျိုးခြင်းနှင့်မြက်ချဉ်ဖက်ပြုလုပ်နည်း သင်တန်း | | | | | ✔ | |
| ၇ | ကာလတိုသီးနှံများစိုက်ပျိုးနည်းသင်တန်း | | | | | | ✔ |
| **၄** | **အသင်းအဖွဲ့များခိုင်မာအားကောင်းစေခြင်းနှင့်နည်းပညာဖြန့်ဖြူးခြင်း** | | | | | | |
| ၁ | ပညာရေးကော်မတီအဖွဲ့ ဖွဲ့စည်းခြင်း | ၁၀ ဦး | ✔ | | | | |
| ၂ | ကျန်းမာရေးကော်မတီအဖွဲ့ ဖွဲ့စည်းခြင်း | ၁၀ ဦး | ✔ | | | | |
| ၃ | ကျေးရွာကြက်ခြေနီအသင်းခွဲငယ်ဖွဲ့စည်းခြင်း | ၅ ဦး | ✔ | | | | |
| ၄ | Smart Village ကော်မတီဖွဲ့စည်းခြင်း | ၇ ဦး | ✔ | | | | |
| ၅ | VDP ကော်မတီဖွဲ့စည်းခြင်း | ၇ ဦး | ✔ | | | | |
| ၆ | RBF ကော်မတီဖွဲ့စည်းခြင်း | ၅ ဦး | ✔ | | | | |
| ၇ | မီးသတ်+ပြည်သူ့စစ်အဖွဲ့ ဖွဲ့စည်းခြင်း | ၁၀ ဦး | ✔ | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းခြင်း | ၁၀ ဦး | ✔ | | | | |
| ၉ | ပရဟိတအဖွဲ့ ဖွဲ့စည်းခြင်း | ၁၀ ဦး | ✔ | | | | |
| ၁၀ | သမအသင်း(ရေကျော်အောက်စိုက်+<br>ရေကျော်အောက်မွေး)ဖွဲ့စည်းခြင်း | ၄၁ ဦး | ✔ | | | | |
| ၁၁ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း | ၉ ဦး | ✔ | | | | |
| ၁၂ | ကျေးရွာရေပေးရေးကော်မတီဖွဲ့စည်းခြင်း | ၇ ဦး | ✔ | | | | |
| ၁၃ | ကြက်ခြေနီ(ရှေးဦးပြုစုခြင်းအကြောင်းသိကောင်းစရာ)ဟောပြောပွဲ | ၂၀ ဦး | ✔ | | | | |
| ၁၄ | စိုက်ပျိုးရေးအသိပညာပေးသင်တန်း | | | ✔ | | | |
| ၁၅ | အာဖရိကဝက်အပြင်းဖျား ရောဂါကာကွယ်သိပညာပေးခြင်း | | | ✔ | | | ✔ |
| ၁၆ | လျှပ်စစ်သံဂဟေဆက်ခြင်းသင်တန်း | | | ✔ | | | |
| ၁၇ | အခြေခံစက်ချုပ်သင်တန်း | | | | ✔ | | |
| ၁၈ | GAP,GAHP အသိပညာပေးသင်တန်း | | | | | ✔ | |
| ၁၉ | တစ်ဧက(၁၀)တင်းနှုန်း အထွက်တိုးရေးနည်းပညာပေးခြင်း | | | | | ✔ | |
| ၂၀ | တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း | | | | | | ✔ |
| ၂၁ | Digital Payment အသုံးပြုနိုင်ရေးအသိပညာပေးဆောင်ရွက်ခြင်း | | | | | ✔ | |
| **၅** | **လူမှုကာကွယ်စောင့်ရှောက်ရေး** | | | | | | |
| ၁ | ကျားမရေးရာအကြမ်းဖက်မှုအသိပညာပေးဟောပြောပွဲ | ၂၀ ဦး | ✔ | | | | |
| ၂ | ကိုယ်ဝန်ဆောင်မိခင်များနှင့်၎င်းတို့မွေးဖွားလာသော (၂)နှစ်<br>အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်း | ၂၇ ဦး | ✔ | ✔ | ✔ | ✔ | ✔ |
| ၃ | အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား<br>ငွေကြေးထောက်ပံ့ပေးခြင်း | ၆ ဦး | ✔ | ✔ | ✔ | ✔ | ✔ |
| ၄ | မိခင်ဝိုင်းများထူထောင်ပေးခြင်း | ၂၀ ဦး | ✔ | ✔ | | | |
| ၅ | "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ"ဟောပြောပွဲ | | | ✔ | | | |
| ၆ | သဘာဝဘေးကြိုတင်ကာကွယ်ခြင်း ဟောပြောပွဲ | | | | ✔ | | |
| ၇ | ကြက်ခြေနီ(ရှေးဦးပြုစုခြင်းအကြောင်းသိကောင်းစရာ)ဟောပြောပွဲ | | | | ✔ | | |
| ၈ | မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဟောပြောပွဲ | | | ✔ | | ✔ | |
| ၉ | ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဟောပြောပွဲ | | | | ✔ | | |
| ၁၀ | သွေးလွန်တုတ်ကွေးရောဂါကာ ကွယ်ဆေးထိုးနှံပေးခြင်း | | | | | | ✔ |
| **၆** | **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | | | | | | |
| ၁ | ၁၂၀ Liter ဆံ့ အဖုံးပါအမှိုက်ပုံး အစို၊ အခြောက်အတွဲဝယ်ယူခြင်း | ၁၅ စုံ | ✔ | | | | |
| ၂ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း | တစ်လ(၁)ကြိမ် | ✔ | ✔ | ✔ | ✔ | ✔ |
| ၃ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းပညာပေးခြင်း | ၂၀ ဦး | ✔ | | | | |
| ၄ | နေအိမ်များခြံစည်းရိုးကာရံခြင်း | ၁၅၆ အိမ် | ✔ | | | | |
| ၅ | ကော်ဖီပင်စိုက်ပျိုးခြင်း | ၂၀၀ ပင် | ✔ | | | | |
| ၆ | အမှိုက်များစနစ်တကျစွန့်ပစ်ရေးအသိပညာပေးခြင်း | ၂၀ ဦး | | ✔ | | | |
| ၇ | မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးခြင်း | ၄၀၀ | | ✔ | | | |
| ၈ | ကျေးရွာစိမ်းလန်းစိုပြေသာယာလှပရေး<br>လုပ်ငန်းများဆောင်ရွက်ခြင်း | | | ✔ | ✔ | ✔ | ✔ |
| ၉ | အီးအမ်ပိုကာချီ မြေဩဇာပြုလုပ်ခြင်း/<br>တိရိစ္ဆာန်စွန့်ပစ်အညစ်အကြေးမှ မြေဩဇာပြုလုပ်ခြင်း | | | ✔ | | ✔ | |

## ၈။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင် ရာအဖွဲ့များ အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက် ပမာ ဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသား မဟုတ်သောထည့်ဝင်မှု၊ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (ကျပ်သန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှုဆိုင် ရာထောက် ပံ့မှု |
| | | | | ငွေလုံး ငွေရင်း သုံးစရိတ် | စွမ်းဆောင်ရည် မြှင့်တင်ရေး | |
| ၁ | ရေပိုက်လိုင်းသွယ်တန်းခြင်း | ၁၉.၀၀၀ | | | | |
| ၂ | ဘက်စုံသုံးခန်းမပြုပြင်ခြင်း | ၂.၀၀၀ | | | | |
| ၃ | IT စင်တာအတွက်ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း | ၃.၀၀၀ | | | | |
| ၄ | ဆိပ်ခံတံတားတည်ဆောက်ခြင်း | ၁၉.၀၀၀ | | | | |
| ၅ | ဂါလန်(၂၂၅၀၀)ဆံ့ Ground Tank နှင့် ဂါလန်(၅၀၀၀)ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း | ၆၈.၀၀၀ | | | | |
| ၆ | ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ခြင်း | | | | | |
| ၇ | ရေကျော်အောက်- ရေတွင်းကုန်းကျေးရွာချင်းဆက်လမ်းခင်းခြင်းနှင့် တံတား(၂) စင်းတည်ဆောက်ခြင်း | ၉၅၃.၀၀၀ | | | | |
| ၈ | အမှိုက်မီးရှို့စင်ပြုလုပ်ခြင်း | ၁.၅၀၀ | | | | |
| ၉ | ဘက်စုံသုံးခန်းမအဆင့်မြှင့်တင်ခြင်း | | | | | |
| ၁၀ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၅.၁၀၀ | | | | |
| ၁၁ | စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်း | | | | | |
| ၁၂ | စပါးမျိုးကောင်းမျိုးသန့်များဈေးနှုန်းသက်သာစွာရရှိခြင်း | | | | | |
| ၁၃ | ပိုက်ဆံလျှော်မျိုးစေ့လိုအပ်ခြင်း | | | | | |
| ၁၄ | ရိတ်သိမ်းခြွေလှေ့စက်၊ ကောက်စိုက်စက်၊ လယ်ထွန်စက်များ အရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိစေရန် ချိတ်ဆက်ပေးခြင်း | | | | | |
| ၁၅ | အခြေခံမွေးမြူရေးပညာပေးသင်တန်း | ၀.၁၈၀ | | | | |
| ၁၆ | အခြေခံဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း | ၂.၅၀၀ | | | | |
| ၁၇ | RBF စီမံကိန်း | ၃၀.၀၀၀ | | | | |
| ၁၈ | ရာသီပေါ်သီးနှံများစနစ်တကျစိုက်ပျိုးနည်းသင်တန်း | | | | | |
| ၁၉ | ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးပညာပေးသင်တန်း | | | | | |
| ၂၀ | တိရိစ္ဆာန်အစာပင်စိုက်ပျိုးခြင်းနှင့်မြက်ချဉ်ဖက်ပြုလုပ်နည်းသင်တန်း | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၂၁ | ကာလတိုသီးနှံများစိုက်ပျိုးနည်းသင်တန်း | | | | | |
| ၂၂ | ပညာရေးကော်မတီအဖွဲ့ ဖွဲ့စည်းခြင်း | | | | | |
| ၂၃ | ကျန်းမာရေးကော်မတီအဖွဲ့ ဖွဲ့စည်းခြင်း | | | | | |
| ၂၄ | ကျေးရွာကြက်ခြေနီအသင်းခွဲငယ်ဖွဲ့စည်းခြင်း | | | | | |
| ၂၅ | Smart Village ကော်မတီဖွဲ့စည်းခြင်း | | | | | |
| ၂၆ | VDP ကော်မတီဖွဲ့စည်းခြင်း | | | | | |
| ၂၇ | RBF ကော်မတီဖွဲ့စည်းခြင်း | | | | | |
| ၂၈ | မီးသတ်+ပြည်သူ့စစ်အဖွဲ့ ဖွဲ့စည်းခြင်း | | | | | |
| ၂၉ | အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းခြင်း | | | | | |
| ၃၀ | ပရဟိတအဖွဲ့ ဖွဲ့စည်းခြင်း | | | | | |
| ၃၁ | သမအသင်း(ရေကျော်အောက်စိုက်+ရေကျော်အောက်မွေး)ဖွဲ့စည်းခြင်း | | | | | |
| ၃၂ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း | | | | | |
| ၃၃ | ကျေးရွာရေပေးရေးကော်မတီဖွဲ့စည်းခြင်း | | | | | |
| ၃၄ | ကြက်ခြေနီ(ရှေးဦးပြုစုခြင်းအကြောင်းသိကောင်းစရာ)ဟောပြောပွဲ | | | | | |
| ၃၅ | စိုက်ပျိုးရေးအသိပညာပေးသင်တန်း | | | | | |
| ၃၆ | အာဖရိကဝက်အပြင်းဖျား ရောဂါကာကွယ်သိပညာပေးခြင်း | | | | | |
| ၃၇ | လျှပ်စစ်သံဂဟေဆက်ခြင်းသင်တန်း | | | | | |
| ၃၈ | အခြေခံစက်ချုပ်သင်တန်း | | | | | |
| ၃၉ | GAP,GAHP အသိပညာပေးသင်တန်း | | | | | |
| ၄၀ | တစ်ဧက(၁၀)တင်းနှုန်း အထွက်တိုးရေးနည်းပညာပေးခြင်း | | | | | |
| ၄၁ | တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း | | | | | |
| ၄၂ | Digital Payment အသုံးပြုနိုင်ရေးအသိပညာပေးဆောင်ရွက်ခြင်း | | | | | |
| ၄၃ | ကျားမရေးရာအကြမ်းဖက်မှုအသိပညာပေးဟောပြောပွဲ | | | | | |
| ၄၄ | ကိုယ်ဝန်ဆောင်မိခင်များနှင့်၄င်းတို့မွေးဖွားလာသော (၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်း | ၁.၂၁၅ | | | | |
| ၄၅ | အသက်(၈၅)နှစ်နှင့်အထက်သက်ကြီးရွယ်အိုများအားငွေကြေးထောက်ပံ့ပေးခြင်း | ၀.၄၈၀ | | | | |
| ၄၆ | မိခင်ဝိုင်းများထူထောင်ပေးခြင်း | | | | | |
| ၄၇ | "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ"ဟောပြောပွဲ | | | | | |
| ၄၈ | သဘာဝဘေးကြိုတင်ကာကွယ်ခြင်း ဟောပြောပွဲ | | | | | |
| ၄၉ | ကြက်ခြေနီ(ရှေးဦးပြုစုခြင်းအကြောင်းသိကောင်းစရာ)ဟောပြောပွဲ | | | | | |
| ၅၀ | မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဟောပြောပွဲ | | | | | |
| ၅၁ | ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဟောပြောပွဲ | | | | | |
| ၅၂ | သွေးလွန်တုတ်ကွေးရောဂါကာ ကွယ်ဆေးထိုးနှံပေးခြင်း | | | | | |
| ၅၃ | ၁၂၀ Liter ဆံ့ အဖုံးပါအမှိုက်ပုံး အစုံ၊ အခြောက်အစိုခွဲ ဝယ်ယူခြင်း | ၆.၀၀ | | | | |
| ၅၄ | ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း | | | | | |
| ၅၅ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းပညာပေးခြင်း | | | | | |
| ၅၆ | နေအိမ်များခြံစည်းရိုးကာရံခြင်း | | | | | |
| ၅၇ | ကော်ဖီပင်စိုက်ပျိုးခြင်း | | | | | |
| ၅၈ | အမှိုက်များစနစ်တကျစွန့်ပစ်ရေးအသိပညာပေးခြင်း | | | | | |
| ၅၉ | မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးခြင်း | | | | | |
| ၆၀ | ကျေးရွာစိမ်းလန်းစိုပြေသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ခြင်း | | | | | |
| ၆၁ | အီးအမ်ပိုကာချီ မြေဩဇာပြုလုပ်ခြင်း/ တိရိစ္ဆာန် စွန့်ပစ်အညစ်အကြေးမှ မြေဩဇာပြုလုပ်ခြင်း | | | | | |

## ၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (၉-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာအသင်းသည် ကျေးရွာအလယ်တန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၉-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် အလယ်တန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (၉-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်-

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်

တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးအပ်ထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(၉.၄) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၀။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ပါမည်။

**(၁၀-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical Progress)နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (Financial Progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline)ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (Indicator)များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (Monitoring Report)ကို ကျေးရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်-

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical Progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial Progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

## (၁၀-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**နောက်ဆက်တွဲ(၁)**

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **မသန်စွမ်းသူအရေအတွက်** | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၁ | ၄ | ၁၅ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၃၀ | ၂၅ | ၅၅ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၄၀ | ၃၉ | ၇၉ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၅ | ၅၁ | ၈၆ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၃၂ | ၄၃၄ | ၈၆၆ | ၅ | ၅ |
| ၆၅ နှစ် နှင့်အထက် | သက်ကြီးရွယ်ကြီး | ၄၅ | ၅၁ | ၉၆ | ၅ | - |
| **စုစုပေါင်း** | | ၅၉၃ | ၆၀၄ | ၁၁၉၇ | ၁၀ | ၅ |
